ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

အမိန့်ကြော်ငြာစာ
အမှတ်( ၅၄ / ၂၀၁၃ )
၁၃၇၅ခုနှစ်၊ဝါဆိုလဆန်း(၂)ရက်
( ၂၀၁၃ခုနှစ်၊ဇူလိုင်လ ( ၉ )ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၂-၂၀၁၃ ရက်စွဲပါစာအမှတ် ၃၁၉/၃၁၈ တွင်းဝခွန် - ၁ - ၉(၃) အဖရ (၂၁၁၃)အရ ကျောက်စိမ်း၊ကျောက်မျက်တူးဖော်ထုတ်လုပ်မှုအပေါ် ရတနာခွန်များကောက်ခံနိုင်ရန်အတွက် လုံးခင်း၊ဖားကန့်ရတနာနယ်မြေ၊ မိုးညှင်းရတနာနယ်မြေခန္တီး ရတနာနယ်မြေနှင့် မိုးကုတ်/ မိုင်းရှူး ရတနာနယ်မြေတို့တွင် တန်ဖိုးဖြတ်အဖွဲ့နှင့်တတိယအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်-

**မိုင်းရှူးတန်ဖိုးဖြတ်အဖွဲ့**

(ကက) ဦးထင်အောင် လက်ထောက်ညွှန်ကြားရေးမှူး ဥက္ကဋ္ဌ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

( ခခ ) ဦးထွန်းလင်း(ပ/၄၀၀၀) မြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းရှူးမြို့။

( ဂဂ ) ဦးစိုင်းကံ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် ( ၂ )။

(ဃဃ) ဦးသင်းဆွေတင့် လက်မှု ( ၁ ) ကျောက်ရွေး အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

( ငင ) ဦးသန်းဋ္ဌေးအောင် မြို့နယ်အခွန်ဦးစီးမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန၊ မိုင်းရှူးမြို့။

( စစ ) ဦးအောင်ကျော်မိုး မြန်မာမိန်းကုမ္ပဏီ အဖွဲ့ဝင်။

(ဆဆ) ဦးစိုင်းကျော်ဇော ကျောက်စိမ်းဆန်းရှင်ကုမ္ပဏီ အဖွဲ့ဝင်။

( ဇဇ ) ဦးတင်မောင်ဝင်း ဒုလက်ထောက်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

တတိယအဖွဲ့ ( Third Party ) မိုင်းရှူးတန်ဖိုးဖြတ်အဖွဲ့

| | | | |
|---|---|---|---|
| (ကက) | ဦးမောင်မောင် | ရပ်ကွက်(၄)၊မိုင်းရှူးမြို့ | ဥက္ကဋ္ဌ။ |
| ( ခခ ) | ဦးစိုင်းမွန်း | ရပ်ကွက်(၃)မိုင်းရှူးမြို့ | အဖွဲ့ဝင်။ |
| ( ဂဂ ) | ဦးဇော်ထူး | မိုင်းရှူးမြို့ | အဖွဲ့ဝင်။ |
| (ဃဃ) | ဦးမောင်မောင်ရီး | လင်းယုန်မျက်လုံးကုမ္ပဏီ | အဖွဲ့ဝင်။ |

၂။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ / အသင်းက တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းများကို သက်ဆိုင်ရာတန်ဖိုးဖြတ်အဖွဲ့သို့ လာရောက်ပြသသောကျောက်မျက်ရတနာ အရိုင်းများ၏ အရည်အသွေးအရေအတွက်၊အလေးချိန်နှင့်အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိခြင်း။

( ခ ) မှတ်ပုံတင် ထားပြီးသော ကျောက်မျက် ရတနာ အရိုင်းကို သတ်မှတ်ချက်နှင့် အညီ တန်ဖိုး သတ်မှတ်ခြင်း။

( ဂ ) တန်ဖိုး သတ်မှတ်ချက် အပေါ် ရတနာခွန် ကောက်ခံနိုင်ရန် သက်ဆိုင်ရာ ဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း။

(ဃ) ခွင့်ပြုမိန့်ရရှိသောကုမ္ပဏီ/အသင်းက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့လာရောက်ပြသမှတ်ပုံတင်ခြင်းမပြုဘဲ မသမာမှုပြုကြောင်း သတင်း ရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း။

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

(စ) တန်ဖိုးဖြတ်အဖွဲ့၏ဥက္ကဋ္ဌသည် ရက်သတ္တ(၁)ပတ်အတွင်း တန်ဖိုးသတ်မှတ်ရန် လိုအပ်ပါက အစည်းအဝေးကို အချိန်မရွေး ခေါ်ယူခွင့်ရှိသည်။

(ဆ) တန်ဖိုးဖြတ်အဖွဲ့၏အဖွဲ့ဝင် ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက် ပါသည်။

(ဇ) တန်ဖိုးဖြတ်အဖွဲ့သည် အစည်းအဝေးတက်ရောက်သည့်အဖွဲ့ဝင်အများစု၏ သဘောတူညီချက် ဖြင့် တန်ဖိုးသတ်မှတ်ရမည်။

(ဈ) တန်ဖိုးဖြတ်အဖွဲ့သည်တန်ဖိုးဖြတ်ရာတွင် လိုအပ်ပါက ကျောက်မျက်ရတနာဆိုင်ရာပညာရှင် များနှင့် ကျွမ်းကျင်သူများကိုဖိတ်ကြား၍ အကြံဉာဏ်တောင်းခံနိုင်သည်။

(ည) တန်ဖိုးဖြတ်အဖွဲ့သည် အစည်းအဝေးမှတ်တမ်းမိတ္တူကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသို့ ပေးပို့ရမည်။

(ဋ) တန်ဖိုးဖြတ်အဖွဲ့သည် ခွင့်ပြုမိန့်ရရှိသူက အလွယ်တကူတင်ပြခြင်းမပြုနိုင်သည့် လေးလံ ကြီးမားသော ကျောက်မျက်အရိုင်းတုံးကို တူးဖော်ရရှိကြောင်း အကြောင်းကြား လာပါက နှောင့်နှေး ကြန့်ကြာခြင်းမရှိစေဘဲ ထိုကျောက်မျက်ရတနာအရိုင်းတုံး တည်ရှိရာနေရာသို့

သွားရောက် ကြည့်ရှုစစ်ဆေးရမည်။ ထို့အပြင် ကျောက်မျက်ရတနာ အရိုင်းတုံး၏ အမျိုးအစား၊ အရည်အသွေး၊အရေအတွက်၊အလေးချိန်နှင့် အရွယ်အစားတို့ကို မှတ်တမ်းပြုစုပြီး မှတ်ပုံတင်ခြင်းနှင့် တန်ဖိုး သတ်မှတ်ခြင်းများ ပြုလုပ်ရမည်။ ယင်း တန်ဖိုးသတ်မှတ်ချက် အပေါ် ရတနာခွန် ကောက်ခံနိုင်ရန် သတ္တုတွင်းဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်နှင့်အညီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မြို့နယ်ရုံးခွဲသို့ အကြောင်းကြားစာ ပေးပို့ပြီး တန်ဖိုးသတ်မှတ်ချက်မိတ္တူ(၁)စောင်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသို့ ပေးပို့ရမည်။

(ဃ) တန်ဖိုးဖြတ်အဖွဲ့သည် မိမိထံလာရောက်ပြသသော ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများ၏ အမျိုးအစား၊အရည်အသွေး၊ အရေအတွက်၊အလေးချိန်နှင့်အရွယ်အစားတို့ကို ပုံစံ( မကလ - ၁၄ )တွင် ရေးသွင်းမှတ်ပုံတင်၍ တန်ဖိုးသတ်မှတ်ရမည်။ယင်းပုံစံမိတ္တူကို ခွင့်ပြုမိန့်ရရှိသူအားထုတ်ပေးရမည်။ထို့အပြင်တန်ဖိုးသတ်မှတ်ချက်များအပေါ် ရတနာခွန် ကောက်ခံနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ သက်ဆိုင်ရာမြို့နယ်ရုံးခွဲသို့ အကြောင်းကြားစာပေးပို့ပြီးမိတ္တူ(၁)စောင်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့ရမည်။

(င) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် တန်ဖိုးဖြတ်အဖွဲ့များ၏စာရင်းနှင့် တန်ဖိုးဖြတ်အဖွဲ့များကပေးပို့လာသောအစည်းအဝေးမှတ်တမ်းများ၊တန်ဖိုးသတ်မှတ်ချက်များကို စုပေါင်းထိန်းသိမ်းထားရှိရမည်။

(စ) တန်ဖိုးဖြတ်ဥက္ကဋ္ဌ ( သို့မဟုတ် ) အတွင်းရေးမှူးသည် ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ လာရောက်ပြသ မှတ်ပုံတင်ခြင်း မပြုဘဲမသမာမှုပြုကြောင်းသတင်းရရှိပါက ထိုသူအားစီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူနိုင်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည့်အပြင် ဥပဒေပုဒ်မ(၄၀)၊ပုဒ်မခွဲ(ခ) အရ ပြစ်မှုကြောင်းဖြင့် အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ ပထမသတင်းပေးတိုင်ကြားချက်ပြုစုရမည်။

(ဆ) တန်ဖိုးဖြတ်အဖွဲ့ဥက္ကဋ္ဌ(သို့မဟုတ်)အတွင်းရေးမှူးသည် ကျောက်မျက်တူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီ / အသင်းများက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းများကို မသမာမှု ပြုခြင်း ရှိ /မရှိစစ်ဆေးသိရှိဖော်ထုတ်နိုင်ရန် အောက်ပါစာရွက်စာတမ်းများကို တန်ဖိုးဖြတ် အဖွဲ့တွင် ထားရှိ၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရပါမည်-

(၁) အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကုမ္ပဏီလက်မှတ်နှင့် ပုံစံ ( ၆ ) ၊ ပုံစံ( ၂၆ )များ။

(၂) သတ္တုတွင်းဝန်ကြီးဌာန၏ ကျောက်မျက်ရတနာထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်။

(၃) တူးဖော်ခွင့်ရ မှော် / ကွက်ရပ် / လုပ်ကွက်အမှတ်နှင့် မြေပုံများ။

(၄) အလုပ်သမားနှင့် စက်ယန္တရားပစ္စည်းများ စာရင်း။

(ဥ) ကျောက်ထွက်ရှိမှု သတင်းပို့မှတ်တမ်း။

(ဖ) ရတနာခွန် ပေးဆောင်သည့် မှတ်တမ်း။

(တ) မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း ( ရုံးခွဲ )မှ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခွင့်ရရှိသည့်ကုမ္ပဏီ / အသင်းသို့ ခွင့်ပြုမိန့်ပြန်လည်ပေးအပ်သည့်အခါ တန်ဖိုးဖြတ်အဖွဲ့မှမိတ္တူရရှိသည်နှင့် ကုမ္ပဏီ/အသင်း၏လုပ်ကွက်ကိုစနစ်တကျ မှတ်ပုံတင်၍ ထားရှိပြီး လုပ်ငန်းစတင်တူးဖော်ကြောင်း မှတ်တမ်းတင်ရမည်။ ကုမ္ပဏီ / အသင်း၏ ကိုယ်စား စီမံအုပ်ချုပ်သူကို တန်ဖိုးဖြတ်အဖွဲ့သို့ ခေါ်ယူတွေ့ဆုံ၍ ကုမ္ပဏီ / အသင်းသည် ယင်း၏ လုပ်ကွက်မှ ကျောက်မျက်အရိုင်းများ တူးဖော်ထွက်ရှိမှုကို တန်ဖိုးဖြတ် အဖွဲ့ထံ သတင်းပို့ရန်နှင့် ရတနာခွန် ပေးဆောင်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ( ၄၀ ) ( ခ ) အရ အရေးယူခံရမည်ဖြစ်ကြောင်းကိုသိရှိကြောင်း ဝန်ခံကတိရယူထားရှိရမည်။မှော်/ကွက်ရပ်/ လုပ်ကွက်အလိုက် ကျောက်ထွက်ရှိမှုကိုလည်းကောင်း၊သက်တမ်းတူလုပ်ကွက်များစာရင်း မှတ်တမ်းထားရှိပြီး ၎င်းလုပ်ကွက်များ၏ ကျောက်ထွက်ရှိမှုကိုလည်းကောင်း၊ တန်ဖိုးဖြတ် အဖွဲ့မှ လစဉ်သွားရောက်၍ မြေပြင်ကွင်းဆင်းစစ်ဆေး ကြည့်ရှုဆောင်ရွက်ရမည်။

( ထ ) ကုမ္ပဏီ/ အသင်းသည် လုပ်ငန်းစတင်ဆောင်ရွက်ပြီး ကျောက်ထွက်ရှိသည်နှင့်တန်ဖိုးဖြတ် အဖွဲ့သို့ သတင်းပို့ရတနာခွန်ပေးဆောင်ရမည်ဖြစ်သော်လည်း ကျောက်ထွက်ရှိမှုသတင်း ပို့ရန်ပျက်ကွက်ခြင်း၊သက်တမ်းတူကုမ္ပဏီ/အသင်းများမှ ရတနာခွန်ပေးဆောင်သော်လည်း ရတနာခွန်လာရောက်ပေးဆောင်ခြင်းမရှိပါက တန်ဖိုးဖြတ်အဖွဲ့ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်း ရေးမှူးသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)သို့ တင်ပြ၍ ရုံးခွဲမှ ကိုယ်စားလှယ်နှင့်အတူ သက်ဆိုင်ရာကုမ္ပဏီ/အသင်း၏လုပ်ကွက်သို့သွားရောက်စစ်ဆေး ရမည်။ စစ်ဆေးသည့်အဖွဲ့သည် မသမာမှုပြုသည်ဟု စုံစမ်းသိရှိသည်နှင့် တရားရုံးတွင် အမှုဖွင့် အရေးယူပြီး သက်ဆိုင်ရာ ကုမ္ပဏီ / အသင်းအား တူးဖော်ခွင့် ယာယီရပ်ဆိုင်းရန်၊ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း( ရုံးခွဲ) မှတစ်ဆင့် ရုံးချုပ်သို့ တင်ပြ ဆောင်ရွက်ရမည်။

၃။ တတိယအဖွဲ့၏ တာဝန်ဝတ္တရားများအား တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို ပိုမိုပွင့်လင်း မြင်သာမှုရှိစေရန် ကြပ်မတ် ဆောင်ရွက်ရမည်။

၄။ တန်ဖိုးဖြတ်အဖွဲ့တွင် တာဝန်ပေးအပ်ထားသူများသည် မိမိတို့၏တာဝန်ဝတ္တရားများကို စနစ်တကျ လွှဲပြောင်း၍ တာဝန်ထမ်းဆောင်သွားရန်နှင့် တာဝန်ဝတ္တရားများ လွှဲပြောင်းပြီးစီးမှုအခြေအနေကို မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ( ရုံးချုပ် )သို့ ပြန်လည်တင်ပြရမည်။

ဒေါက်တာမြင့်အောင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

အမှတ်၊ ၆ဘဏ္ဍာ ( ၁ ) ၀၃ ( ၅၂၃၆ )
ရက်စွဲ ၊ ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ( ၉ )ရက်

ဖြန့်ဝေခြင်း
အဖွဲ့ဝင်များအားလုံး။

မိတ္တူကို
နိုင်ငံတော်သမ္မတရုံး။
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။
လွှတ်တော်ရုံး။
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး။
ပြည်ထောင်စုရှေ့နေချုပ်ရုံး။
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး။
ကချင်ပြည်နယ်အစိုးရအဖွဲ့။
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။
ရှမ်းပြည်နယ်အစိုးရအဖွဲ့။
ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။
တန်ဖိုးဖြတ်အဖွဲ့နှင့် တတိယအဖွဲ့ဝင်များအားလုံး။

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။

အမိန့်အရ

(မင်းမင်းဦး)
ရုံးအဖွဲ့မှူး
သတ္တုတွင်းဝန်ကြီးဌာန

( မိတ္တူမှန် )